## စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါအစားအသောက်များ၌ စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော ခွင့်မပြု တာရှည်ခံ ဓာတုပစ္စည်းများ၊ ခွင့်မပြုဆိုးဆေးများ ပါဝင်မှုနှင့် ခွင့်ပြု အစားအသောက်ထပ်ဖြည့် ပစ္စည်းများအား သတ်မှတ်ပမာဏထက် ပိုမိုကျော်လွန်သုံးစွဲထားသည်တို့ကြောင့် အစားအသောက်များကို ရေရှည်စားသုံးမိပါက အစာအိမ်၊ အသည်း၊ ကျောက်ကပ်များ ပျက်စီးနိုင်ခြင်းနှင့် ကင်ဆာရောဂါများ ဖြစ်ပွားစေနိုင်ပါသဖြင့် ယခုဖော်ပြထားသော အစားအသောက်များကို နောက်ထပ်ကြေညာချက် ထုတ်ပြန်သည်အထိ စားသုံးခြင်း မပြုရန် အသိပေးအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော ဆိုးဆေးများ၊ ခွင့်မပြုတာရှည်ခံဓာတုပစ္စည်းများကို လုံးဝအသုံးမပြုရန်၊ ခွင့်ပြုအစားအသောက်ထပ်ဖြည့်ဓာတုပစ္စည်းများကို သတ်မှတ်ပမာဏအတွင်းသာ အသုံးပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၂၈(က)အရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

### ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာများအနက်မှ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အမှတ်တံဆိပ်မပါ အစားအသောက်နမူနာများစာရင်း

| စဉ် | အစားအသောက် အမျိုးအစား | ထုပ်ပိုးပုံနှင့် အရွယ်အစား | တွေ့ရှိသည့်နေရာ | ခွင့်မပြုဆိုးဆေးပါဝင်မှု/ တာရှည်ခံပစ္စည်းသုံးမှု |
|---|---|---|---|---|
| ၁။ | လက်ဖက် | Plastic pack | နမ့်စန်မြို့၊မြို့မဈေး၊ ရှမ်းပြည်နယ် | ခွင့်မပြုဆိုးဆေး Auramine O ပါဝင်နေပါသည်။ |
| ၂။ | မှျစ်နီ | Plastic pack | ရွှေတောင်(ယာယီဈေး) တောင်ကြီးမြို့၊ ရှမ်းပြည်နယ် | ခွင့်မပြုဆိုးဆေး Auramine O ပါဝင်နေပါသည်။ |

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာများအနက်မှ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အမှတ်တံဆိပ်မပါ အစားအသောက်နမူနာများစာရင်း

| စဉ် | အစားအသောက် အမျိုးအစား | ထုပ်ပိုးပုံနှင့် အရွယ်အစား | တွေ့ရှိသည့်နေရာ | ခွင့်မပြုဆိုးဆေးပါဝင်မှု/ တာရှည်ခံပစ္စည်းသုံးမှု |
|---|---|---|---|---|
| ၃။ | အရောင်တင်မှုန့် | Plastic pack | ရွှေတောင်(ယာယီဈေး) တောင်ကြီးမြို့၊ ရှမ်းပြည်နယ် | ခွင့်မပြုဆိုးဆေး Sudan III ပါဝင်နေပါသည်။ |
| ၄။ | မှျစ်နီ | Plastic pack | ရွှေတောင်(ယာယီဈေး) တောင်ကြီးမြို့၊ ရှမ်းပြည်နယ် | ခွင့်မပြုဆိုးဆေး Orange II နှင့် Auramine O ပါဝင်နေပါသည်။ |
| ၅။ | ဒံပေါက်ဆိုးဆေး (အနီ) | Plastic pack | T မဆလာစတိုး၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ခွင့်မပြုဆိုးဆေး Orange II ပါဝင်နေပါသည်။ |
| ၆။ | ဒံပေါက်ဆိုးဆေး (အနီ) | Plastic pack | ကောင်းဆက်ဝေစတိုး၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ခွင့်မပြုဆိုးဆေး Orange II ပါဝင်နေပါသည်။ |
| ၇။ | ဒံပေါက်ဆိုးဆေး (အနီ) | Plastic pack | ရွှေစွန်ညိုစတိုး၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ခွင့်မပြုဆိုးဆေး Orange II ပါဝင်နေပါသည်။ |
| ၈။ | အချိုရည် | Plastic Bottle | တောင်ညိုဈေး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |
| ၉။ | ငရုတ် အရောင်တင်မှုန့် | Plastic pack | တောင်ညိုဈေး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | ခွင့်မပြုဆိုးဆေး Sudan III ပါဝင်နေပါသည်။ |
| ၁၀။ | မှျစ် | Plastic pack | တောင်ညိုဈေး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | ခွင့်မပြုဆိုးဆေး Sudan III ပါဝင်နေပါသည်။ |
| ၁၁။ | ငရုတ်သီး ခွဲကြမ်းမှုန့် | Plastic pack | တောင်ညိုဈေး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | ခွင့်မပြုဆိုးဆေး Sudan III ပါဝင်နေပါသည်။ |

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း ကောက်ခံစစ်ဆေးခဲ့သော နမူနာများအနက်မှ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အမှတ်တံဆိပ်မပါ အစားအသောက်နမူနာများစာရင်း

| စဉ် | အစားအသောက် အမျိုးအစား | ထုပ်ပိုးပုံနှင့် အရွယ်အစား | တွေ့ရှိသည့်နေရာ | ခွင့်မပြုဆိုးဆေးပါဝင်မှု/ တာရှည်ခံပစ္စည်းသုံးမှု |
|---|---|---|---|---|
| ၁၂။ | ငရုတ် အရောင်တင်မှုန့် | Plastic pack | တောင်ညိုဈေး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | ခွင့်မပြုဆိုးဆေး Orange II ပါဝင်နေပါသည်။ |
| ၁၃။ | ငရုတ်သီး ခွဲကြမ်းမှုန့် | Plastic pack | တောင်ညိုဈေး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | ခွင့်မပြုဆိုးဆေး Orange II ပါဝင်နေပါသည်။ |
| ၁၄။ | ငါးပိ | Plastic pack | ဒက္ခိဏသီရိဈေး၊ ဒက္ခိဏသီရိမြို့နယ် နေပြည်တော် | ခွင့်မပြုဆိုးဆေးRhodamine B ပါဝင်နေပါသည်။ |
| ၁၅။ | ငရုတ် အရောင်တင်မှုန့် | Plastic pack | ဒက္ခိဏသီရိဈေး၊ ဒက္ခိဏသီရိမြို့နယ် နေပြည်တော် | ခွင့်မပြုဆိုးဆေး Sudan III ပါဝင်နေပါသည်။ |

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန